# လောကခံ

# Feasting on Worms

နံနက် ၆း၃၀ အချိန်ဖြစ်သည်။ အိပ်ရာမှထ၍ ရေချိုးခန်းဆီသို့ လှမ်းခဲ့သည်။ မိသားစုအပြင်ထွက်ရန် စီစဉ်ထားသောနေ့တွင်မှ မိုးကသည်းကြီးမည်းကြီး ရွာနေသည်။ မိုးရွာခြင်းကိုတော့ ပြင်းစွာပူပန်မှုမရှိခဲ့ပါ။ ကျွန်မတို့တောင်ပိုင်း ကာလီဖိုးနီးယားဒေသတွင် မိုးရွာသွန်းရန် လိုအပ်နေသည်ကို ဘုရားသခင်သိပါသည်။ အိပ်ရာသို့ပြန်ခဲ့သည့်အခိုက်တွင် ကျွန်မတို့၏ ပန်းခြံကလေးထဲသို လှမ်းမျှော်ကြည့်လိုက်မိသည်။ ငှက်ညိုဝကစ်ကစ်လေးတစ်ကောင် ခုန်ဆွခုန်ဆွလုပ်နေသည်ကို တွေ့ရသည်။ မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေသော မြေပြင်ပေါ်တွင် ကံဆိုးမိုးမှောင်ကျပြီး ရေနစ်မြုပ်လုနီးပါး တီကောင်တစ်ကောင်တစ်လေကိုများ ပွဲတော်တည်ရမလားဟူသော မျှော်လင့်ချက်ဖြင့် ဟိုဟိုသည်သည် ရှာဖွေကြည့်နေသည်။

ထိုခဏ၌ပင် ကျွန်မကိုယ်ကျွန်မ သနားစရာတီကောင်လေးသဖွယ် ခံစားမိလိုက်မိသည်။ လွန်ခဲ့သော လများကတည်းက ကံကြမ္မာတိမ်ညိုမည်းတို့သည် ကျွန်မတို့ မိသားစုကလေးအပေါ် တဖြည်းဖြည်းစုဖွဲ့အုပ်မိုးလာခဲ့ဟန် တူပါသည်။ ကျွန်မ၏ သားငယ်လေးသည် ဖွံ့ဖြိုးမှုနှေးကွေးသည့် ပြဿနာနှင့် ကြုံတွေ့နေရသည်။ ဖွံ့ဖြိုးမှုနှေးကွေးခြင်းကြောင့် သူ၏နေ့စဉ်ပျော်ရွှင်မှုဘဝကို ဟန့်တားခံနေရသည်။ တစ်ခါတစ်ရံ နာရီတိုင်းလိုလိုပင် စိတ်တိုနေတတ်၊ ဒေါသူပုန်ထနေတတ်သည်။ ညသန်းခေါင်အချိန်တွင် ရုတ်တရက် လန့်နိုးပြီး အော်ဟစ်ငိုယိုတတ်သည်။ သူတစ်ဦးတည်း ရှိနေစဉ်တွင်မူ သူသည်အလွန်ပြုံးချိုသော၊ သိလွယ်တတ်လွယ်သော၊ ချစ်စဖွယ်ကောင်း၍ ပျော်ရွှင်စွာနေတတ်သော ယောကျ်ားကလေးတစ်ဦးဖြစ်သည်။ သို့ရာတွင် သူ၏တဖြည်းဖြည်း ကြီးထွားလာသော လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရေးအတွက် သူ၏လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများ ပြဿနာများကို ကျွန်မတို့ ပိုမိုသိရှိသဘောပေါက်ဖို့လိုသည်။ ယခုကဲ့သို့ ငယ်ရွယ်သေးသော ပြုပြင်ပုံသွင်း၍ ရလွယ်သောအရွယ်တွင် သူ၏လိုအင်များကို ကျွန်မတို့ သိရမှဖြစ်မည်။ သူတွေ့ကြုံနေရသော စိန်ခေါ်မှုများ၏ အကျိုးဆက်အဖြစ် မိမိကိုယ်မိမိ အထင်ကြီးလေးစားမှုမရှိခြင်းနှင့် စိတ်ဓါတ်ကျခြင်းတည်းဟူသော ပိုမိုကြေကွဲဖွယ်ရလဒ်များက နုနယ်သော သူ၏ဘဝကလေးထဲသို့ တစ်ခါတစ်ရံ ရိုက်ခတ်ဝင်ရောက်လာတတ်သည်။

ကျွန်မတို့အတွက် ပို၍မရှုနိုင် မကယ်နိုင်ဖြစ်စေသော စိန်ခေါ်မှုများကား ကျွန်မခင်ပွန်းသည်၏ လက်ရှိအလုပ်သည် သိပ်ပြီးတည်မြဲမှု၊ ခိုင်မာမှု မရှိတော့ကြောင်းကို လွန်ခဲ့သော လေးရက်ကမှ ကျွန်မခင်ပွန်းသည်ပြောပြ၍ သိလာခဲ့ရခြင်းပင်ဖြစ်သည်။ ကျွန်မတို့အတွက် ဗူးလေရာဖရုံဆင့်သကဲ့သို့ ဖြစ်ရချေပြီ။ အလုပ်အကိုင်သစ်တစ်ခု ရှာဖွေရန် လိုအပ်လာသလို နေထိုင်စရာ အိမ်အသစ်လည်း ရှာဖွေရပေဦးတော့မည်။ လွန်ခဲ့သော အတိတ်ကာလများကမူ ကျွန်မသည် မရေရာသောအနာဂတ်ကို မသေချာသော မျှော်မှန်းချက်ဖြင့် တိုးဝင်ခဲ့သည်။ သည်ကွေ့သည်တက်နှင့် လှော်မည်၊ ဟိုကွေ့ ဟိုတက်နှင့်လှော်မည်ဟူသော အတွေးဖြင့် ကြုံသလိုနေလာခဲ့သည်။ သို့ရာတွင် ကျွန်မသည် ယခုကဲ့သို့သော သားငယ်ကလေး၏ ဘဝအတွက် အဆုံးအဖြတ်ပြုရမည့် အခြေအနေမျိုးတွင်မှ ဖြစ်လာရသော အပြောင်းအလဲကို ရင်ဆိုင်ရန် သတ္တိကြောင်နေခဲ့မိပါသည်။

လောကခံ၏ ဝဲကယက်အလယ်တွင် တွယ်မိတွယ်ရာ ကောက်ရိုးတစ်မျှင်ကို ဖမ်းဆုပ်သကဲ့သို့ သမ္မာကျမ်းစာနှင့် ဒေသနာများကို နာရီနှင့်အမျှ ဖက်တွယ်ရွတ်ဆို ဆုတောင်းခဲ့ရသည်မှာ လေးရက်တာကာလသည် ကျွန်မအတွက် လေးနှစ်မက ကြာမြင့်သည်ထင်ခဲ့မိပါသည်။ ထင်ရှားကျော်ကြားလှသော အမျိုးသား၊ အမျိုးသမီးကြီးများစွာတို့သည်လည်း ထိုသို့သော လောကခံဝဲဂယက်တွင် ထဲနက်ပင်ပန်းစွာ ကြိုးစားရုန်းကန်ရှင်သန်ခဲ့ရသည်ချည်းဖြစ်ပြီး သူတို့၏ဘဝတကွေ့ အတွေ့အကြုံများကို ပါးစပ်ရာဇဝင်များ သို့မဟုတ် ကဗျာများအဖြစ် ရေးသားမှတ်တမ်းတင်ခဲ့ကြသည် ။ကျွန်မသည် ထိုသူများ၏ ဖြစ်ရပ်များကို ဖက်တွယ်အားပြုနေရချေပြီ။ တစ်ခါတစ်ရံ သူတို့၏ အဆိုအမိန့်တစ်ကြောင်းကို ဂါထာမန္တာန်တစ်ခုလို တစ်တွတ်တွတ် ရွတ်ဆိုကာ ကျွန်မ၏ကလေးများကို ပြုစုစောင့်ရှောက်ရေးနှင့် အိမ်မှုကိစ္စများကို ဆက်လက်ဆောင်ရွက်ရေးအတွက် ကျွန်မ၏စိတ်ကို ဆောက်တည်နေခဲ့မိပါသည်။ အကျိုးသက်ရောက်မှုလည်း ရှိခဲ့ပါသည်။

တံခါးပေါက်ဝတွင်ရပ်၍ ငှက်ညိုကလေးကို ကြည့်နေစဉ်တွင်ပင် "မင်းဟာမြေကြီးထဲက တီကောင်မဟုတ်ဘူး။ ငှက်ကလေးသာဖြစ်တယ် ချစ်သမီး။ မင်းတို့ရဲ့ ကမ္ဘာမြေပေါ်ကို ငါဖန်ဆင်းပို့လွှတ်လိုက်တဲ့ မိုးနဲ့မုန်တိုင်းတွေဟာ မင်းတို့စားသောက်ရမယ့် အာဟာရကို တူးဆွရှာဖွေနိုင်ဖို့ မင်းတို့အတွက် ငါဖန်တီးပေးခဲ့တာပေါ့" ဟူသော ကျွန်မကို အားပေးနှစ်သိမ့်နေသည့် ကယ်တင်ရှင်၏ အသံကို ကြည်လင်ပြတ်သားစွာ ကြားလိုက်ရပါတော့သည်။ ရုတ်ချည်းဆိုသလိုပင် ကျွန်မ၏ အတွေးအမြင်တို့ ပြောင်းလဲသွားခဲ့ရချေပြီ။ ဝဲဩဃနှင့်တူသော ကာလကိုဖြတ်၍ စိတ်ဓါတ်အာဟာရတည်းဟူသော ပွဲတော်ကို ဈေးဆက်က ကျွန်မတို့ဘဝထဲသို့ ယူဆောင်လဲခဲ့ခြင်း ဖြစ်ပေသည်။ သာမန်အားဖြင့် ကျွန်ုပ်တို့တူးဆွ ရှာဖွေနေသည့် ရတနာများက မြေပြင်ပေါ်သို့ ထွက်ပေါ်လာခဲ့ချေပြီ။ ဂျီးဆက်နှင့် ကျွန်မတို့ လူသားအချင်းချင်းအပေါ်တွင် ကြီးမားစွာ ထိစပ်ပေါင်းစည်းရမည်ဟူသော ရတနာ၊ ကျွန်မတို့ မိသားစုနှင့် မိတ်ဆွေများအပေါ် ကြီးမားသော ချစ်ခြင်းမေတ္တာနှင့် တန်ဖိုးထားမှုတည်းဟူသော ရတနာနှင့် ကျွန်မ၏နေ့တဂူဝ ကြုံတွေ့ရသည့် လိုအပ်များနှင့် ကြောက်ရွံ့ပူပန်မှုများအတွက် ဂျီးဆက်အား ပြင်းပြသောဆန္ဒဖြင့် ဝတ်ပြုဆုတောင်းမည်ဟူသော ရတနာတို့ပင်တည်း။

မိုးတိတ်လေပြီလော။ မတိတ်သေးပါ။ မိုးကားရွာနေတုန်းပင်။ ကျွန်မတို့ ဆုတောင်းမှုမှန်သမျှကို ဖြည့်ဆည်းပေးပြီး ကျွန်မတို့၏ ယုံကြည်မှုကို နည်းလမ်းမျိုးစုံဖြင့် အားဖြည့်ပေးနေစဉ်တွင်ပင် ကျွန်မတို့၏ ရှေ့တွင်စိန်ခေါ်မှုမျိုးစုံက ဘက်စုံထောင်စုံမှ စောင့်ဆိုင်းလျက် ရှိနေကြသေးသည်။ သို့သော် ကျွန်မတို့သည် မိုးသည်းထဲမှာပင် ပျော်ရွှင်မြူးတူးစွာ ရှင်သန်ကျန်ရှိနေကြမည့် ငှက်ကလေးများ ဖြစ်ကြရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့သည် တီကောင်များကို ပွဲတော်တည်နေရသောကြောင့်ဟုဆိုလျှင် ထူးဆန်းထွေလာ ဖြစ်နေပါလိမ့်မည်။

မိုးသည်းသောနေ့တစ်နေ့အကြောင်းကို ကျွန်မပြောပြပြီး နောက်တစ်နေ့တွင် ကျွန်မတို့ အိမ်နီးချင်း၏ ရှစ်နှစ်အရွယ်သားငယ်ကလေးက "အန်တီလိုချင်ရင်ယူလေ၊ သစ်ရွက်ပုံတွေအောက်မှာ အများကြီးရှိသေးတယ်" ဟုပြောကာ သူ၏လက်ထဲတွင် ဆုပ်ကိုင်ထားသော တွန့်လိမ်နေသည့် တီကောင်များကို လှမ်းပေးလိုက်ပါသည်။

(မီဂန်ဒေးလ်)

(By. Megan Dale)